

# အလိုတော်နှင့် အခွင့်တော်

ဘုရားသခင်သည် လူမပါဘဲမည်သည့်အမှုကိုမျှမပြုပါ။ မိမိအလိုတော်ကိုလူသားများ သိရှိနားလည်လိုက်လျှောက်နိုင်ဖို့ရန် လူကိုပင်အသုံးပြု၍ အသိပေးဖေါ်ပြပါသည်။ လူသည်ဘုရားသခင်မရှိဘဲ မည်သည့်အမှုကိုမျှမပြုနိုင်ပါ။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ အလိုတော်နှင့် အခွင့်တော်ကိုရှင်းလင်းစွာ သိရှိထားမှသာလျှင် အလိုတော်နှင့်အညီအသက်ရှင်နိုင်မည်ဖြစ်ပါသည်။

ဘုရားသခင်၏ အလိုတော်ဟူသည်မှာ ဘုရားသခင်ဖြစ်စေလိုသောဆန္ဒ၊ ဘုရားသခင်ပြုစေလိုသောအရာဖြစ်ပါသည်။ လူတိုင်း၌ မိမိတို့ပြုလိုသောဆန္ဒ၊ မိမိတို့လုပ်ချင်သည့်အရာ ရှိတတ်ပါသည်။ ထိုအရာသည်အလိုတော်မဟုတ်၊အခွင့်တော်ဖြစ်ပါသည်။ အချို့သောအချိန်များ၌ ကျွန်ုပ်တို့လိုချင်သမျှ ရနေသလိုလုပ်ချင်သမျှဖြစ်နေတတ်ပါသည်။ ကျွန်ုပ်တို့လုပ်၍ဖြစ်တိုင်း၊ တောင်း၍ရတိုင်း၊ ဘုရားသခင်အလိုတော်ဖြစ်သည်ဟု တထစ်ချပြော၍မရပါ။ အချို့သောအချိန်များတွင်ဖခင်၊ မိခင်တို့ကမပေးလိုသော်လည်းသားသမီးတို့က အတင်းမရမကတောင်း၍ ပေးရသည်လည်းရှိတတ်ပါသည်။ ထိုအရာသည် အလိုတော်နှင့်အညီပေးခြင်းမဟုတ်ပါ။ အခွင့်တော်နှင့်ပေးခြင်းဖြစ်ပါသည်။ ထိုနည်းတူ အချို့သောယုံကြည်သူများ မရမကအတင်းတောင်းသဖြင့် ဘုရားသခင်ကအလိုတော်မရှိသော်လည်း အခွင့်တော်၌ပေးတတ်ပါသည်။

## အလိုတော်အတိုင်းဖြစ်စေပါ။



( သခင်သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံသို့ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော် ၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်) မဿဲ ၇း၂၁–၂၂။

သခင်သခင် ဟုခေါ်သောသူတိုင်းကောင်းကင်နိုင်ငံတော်သို့ဝင်ရမည်မဟုတ်ဘဲ ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်၏အလိုကို ဆောင်သောသူသာဝင်ရမည်ဟူသော သမ္မာကျမ်းစာပါ သတိပေးချက်ကို ကျွန်ုပ်တို့အလေးဂရုပြုဆင်ခြင်သင့်ပါသည်။ တရားစီရင်ရာနေ့ ရောက်သည့်အခါ များစွာသောသူတို့ထဲတွင် အချို့က ကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေး ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီ မဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုး တို့ကိုပြပါပြီမဟုတ်လော ဟုလျှောက်ကြမည်ဟု ကြိုတင် ဖေါ်ပြထားပါသည်။ ထိုအခါကိုယ်တော်က သင်တို့ကိုငါအလျင်းမသိ အဓမ္မအမှုကို ပြုသောသူတို့ ငါ့ထံမှဖယ်ကြဟုဆိုသည်ကိုတွေ့ရသည်။ များစွာသောဘာအမှုကိုပြုကြသောသူများသည် ဘုရားသခင်၏အလိုတော်နှင့်ပြုကြခြင်းမဟုတ်ပါ။ သူတို့ကိုယ်တိုင်ကမိမိတို့သည်ကိုယ်တော်အခွင့်နှင့်ပြုကြသည်ဟု ဝန်ခံထားပါသည်။ အချို့မိဘများ သားသမီးဆုံးမ၍မရသည့်အခါ ကျမ်းစာကျောင်းပို့သည်၊ ကျမ်းစာကျောင်းပြီးသည့်အခါလည်း ဘုရားသခင်၏အလိုတော်ကိုအလေးမထား မိမိတို့စိတ်သဘောကျ လုပ်ဆောင်ကြသည်။ ထိုအရာသည် အလိုတော်မဟုတ် အခွင့်တော်ဖြစ်သည်။ အချို့သောယုံကြည်သူများ ထီထိုးဖို့ကြိုးစားကြသည်။ မိမိတို့ထီဆိုင်သွားမည့်လမ်း၌ သင်းအုပ်ဆရာနှင့်မတွေ့အဟန့်အတားမရှိလျှင် ထီထိုးဖို့အလိုတော်ရှိ၍ထီထိုးမည်ဟုဆိုတတ်ကြသည်။ ထိုအရာသည်အလိုတော်မဟုတ်ပါ။ ကျွန်ုပ်တို့အသက်တာ၌အခက်အခဲအဟန့်အတားမရှိဘဲ ပြုခွင့်ရသောအမှုကိစ္စတိုင်းကိုအလိုတော်ဟု တထစ်ချမပြောနိုင်ပါ။ ဧဝအား ကောင်းမကောင်းသိကျွမ်းရာအပင်၏ အသီးကိုစားဖို့ဘုရားသခင်အလိုတော်မရှိပါ။ သို့သော် ဧဝ အသီးစားဖို့သွားရာလမ်းတွင်အခက်အခဲအဟန့်အတားမရှိ၊ ထိုသို့အခက်အခဲမရှိဟန့်တားမည့်သူမရှိအဆင်ပြေစွာ ခူးစားနိုင်သော်လည်း အလိုတော်မဟုတ်ပါ။ ဘုရားသခင်က ဧဝ၏ဆန္ဒကိုအတင်းမတားဘဲ ခွင့်ပြုလိုက်ခြင်းသာဖြစ်သည်။

ရှမွေလသည် အသက်ကြီးသူ၏သားတို့ သည်အဘလမ်းသို့မလိုက် တရားကိုဖျက်ကြသဖြင့်ဣသရေလလူတို့က ပတ်ဝန်းကျင်ရှိလူတို့ကိုကြည့်ပြီး

လူတို့ကဲ့သို့မိမိတို့ကိုဦးဆောင်မည့် ဘုရင်ရလို၍ မိမိတို့အတွက်ရှင်ဘုရင်ကို ရှာပေးဘို့တောင်းဆိုသည်။ ဣသရေလလူတို့တောင်းဆိုမှုကို ရှာမွေလသည် မနှစ်သက်သောကြောင့် မည်သို့ပြုရမည်ကိုသိဖို့ရန်ဘုရားသခင်အား ဆုတောင်းပါသည်။ ထိုအခါ ဘုရားသခင်သည် ရှာမွေလအား လူတို့သည် သင့်ကိုသာပယ်သည်မဟုတ် ငါသည်သူတို့အားမအုပ်စိုးစေခြင်းငှာ ငါ့ကိုလည်းပယ်ကြပြီဟုဆိုပြီးလျှင် သူတို့အားရှင် ဘုရင်တို့၏ထုံးစံကိုပြ၍ သတိပေးစေပြီးနောက် သူတို့တောင်းသည့်အတိုင်း ရှင်ဘုရင်ကိုပေးစေပါသည်။ ဣသရေလလူတို့သည် သူတို့တောင်းလျှောက်သည့်အတိုင်း ရှင်ဘုရင်ကိုရပါသည်။ သို့သော်ဘုရားသခင်၏အလိုတော်မဟုတ်အခွင့်တော်၌ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာ၌အလိုတော်မရှိဘဲ လုပ်သမျှသောအမှုသည်ပင်ပန်းခြင်းရှိပါသည်။ ဘုရားသခင်အလိုတော်ရှိ၍ ပြုရသောအမှုဖြစ်ပါက မည်မျှပင်ကြီးလေးပါစေ ဘုရားသခင် အားဖြင့်ပေါ့ပါးစွာထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ယနေ့ကျွန်ုပ်တို့ထမ်းဆောင်နေရသောအမှုသည် ပေါ့ပါးပါသလား သို့မဟုတ် ပင်ပန်းလေးလံနေပါသလား၊ လေးလံနေပါက ဘုရားသခင်အလိုတော်မဟုတ်ပါ၊ ပေါ့ပါးစွာဆောင်ရွက်နိုင်ပါက ဘုရားသခင်အလိုတော်ဖြစ်ပါသည်။



ယနေ့ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင် အလိုတော်နှင့် အညီအသက်ရှင်နေဖို့ခံစားနေရဖို့ အရေးကြီးပါသည်။ သင်တို့ကို ငါအလျှင်းမသိ အဓမ္မမှုကိုပြုသောသူများဟု သခင်ယေရှု ပြောသော လူစုထဲတွင် ကျွန်ုပ်တို့မပါကြဖို့သတိပြုသင့်ပါသည်။ ချစ်သော မိတ်ဆွေ သင်သည်ကောင်းကင်နိုင်ငံတော်သို့ဝင်ရဖို့သေချာပြီလား။ အချို့သောသူများက မိမိတို့သည်ဆယ်ဖို့တစ်ဖို့မှန်မှန်ပေးပါသည် ဘုရားကျောင်းကိုလည်း အပတ်စဉ်တစ်ရက်မပျက် တက်ပါသည် ကျမ်းစာကိုနေ့စဉ်မှန်မှန်ဖတ်ပါသည်ဟု ဆိုကောင်းဆိုမည်ဖြစ်ပါသည်။ သို့သော် ထိုအမှုများကိုပြုသောကြောင့် သင်ကောင်းကင်နိုင်ငံ ဝင်ခွင့်ရမည်မဟုတ်ပါ၊ ဘုရားရှင်က ကျွန်ုပ်တို့ကောင်းကင် နိုင်ငံဝင်ရဖို့ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံ ပြီးသူငယ်ကဲ့သို့ဖြစ် ရန်အလိုတော်ရှိပါသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်မိမိအားမကိုးဘဲ ရင်ခွင်ပိုက် ကလေးငယ်သည် မိခင်လုပ်ဆောင်ပေးမှုအပေါ်၌အမှီပြုရသကဲ့ သို့ထာဝရဘုရား ကိုခိုလှုံအသက်ရှင်ဖို့လိုပါသည်။ ယနေ့အမှုတော် ဆောင်အများကဘုရားသခင်ထားသည့် နေရာ၌နေဖို့ထက် မိမိတို့ကြိုက်နှစ်သက် သည့်နေရာ၌ နေလိုကြသည်၊ ဘုရားသခင် သွားစေလိုသည့်နေရာထက် မိမိတို့သွားလိုသည့်နေရာ ကိုစဉ်းစားကြသည်။ တမန်တော်ကြီး ရှင်ပေါလုသည်မပြောင်းလဲမီက ခရစ်ယာန်များကို ဖိနှိပ်ညှဉ်း ပန်းသော်လည်း သခင်ယေရှုကိုကယ်တင်ရှင်နှင့် သခင်အဖြစ် ယုံကြည်လက်ခံလာပြီးနောက်မိမိသည် ဘာတစ်ခုမျှ မတတ်နိုင် ကြောင်း မိမိကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အား ဖြင့်သာခပ်သိမ်းသောအမှုတို့ကို တတ်စွမ်းနိုင်ကြောင်း ဝန်ခံ ပြောဆိုပါသည် (ဖိ၄း၁၃)။ ဘုရားရှင်သည် မနေ့၊ယနေ့၊နောင် ကာလမပြောင်းမလဲ အစဉ်တည်သောဘုရား၊ ကျွန်ုပ်တို့အနီးအပါး၌ ရှိသောဘုရားဖြစ်တော်မူသည် သာမက ကျွန်ုပ်တို့နှင့်အတူရှိတော်မူ သောဘုရား ဖြစ်သောကြောင့်ကိုယ်တော်ကို အစဉ်အမှီပြုခိုလှုံ အသက်ရှင်ကြဖို့ကိုယ်တော်အလိုရှိပါသည်။

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသို့ဝင်ခွင့်ရသော သူများ ဖြစ်ပါက မိမိတို့ဆန္ဒအတိုင်း အသက်မရှင်သင့်တော့ပါ၊ ဘုရားသခင် ၏ ဆန္ဒအတိုင်း အသက်ရှင်သင့်ပါသည်။ ဘုရားသခင်၏ဆန္ဒသည် အလိုတော်လမ်းဖြစ်ပြီး ကျွန်ုပ်တို့၏ဆန္ဒသည် အခွင့်တော်လမ်းဖြစ်ပါသည်။ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံသူသည်သေလွန်သည့်အခါ ကောင်းကင်နိုင်ငံသို့ဝင်ရမည်ဖြစ်ပါသည်၊ ထိုနည်းတူ လောက၌အသက်ရှင်စဉ် ကျွန်ုပ်တို့သည်မိမိ ဆန္ဒကိုသေစေလျှက် ခရစ်တော်နည်းတူ အသက်ရှင်ကြဖို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ဇာတိခွန်အားကိုအမှီပြု၍ မရှင်နိုင်ပါ၊ သခင်ယေရှုကိုယုံကြည်လက်ခံပြီးသည့်နောက် ထိုသခင်ကိုအမှီပြုကိုးစားခြင်းအားဖြင့်သာ အလိုတော်နှင့်ညီသောအသက်တာ၌ အောင်မြင်စွာအသက်ရှင် နိုင်ကြမည်ဖြစ်ကြောင်းမေတ္တာနှင့်အသိပေးဝေငှလိုက်ပါသည်။

ဆရာ ဦးညွန့်လှ။

